## ၂၀၂၁ ခုနှစ် နှိပ်စက်ညှဉ်းပန်းခံရသူများအား အကူအညီပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

နှိပ်စက်ညှဉ်းပန်းခြင်းကို မည်သည့်အချိန်၊ မည်သည့်အခြေအနေမျိုးတွင်မှ လုပ်ဆောင်ခြင်း မရှိစေရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက တားမြစ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် စစ်တပ်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြည်သူလူထုအပေါ် နှိပ်စက်ညှဉ်းပန်းမှုများနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဆက်ဆံမှုများကို နေ့စဉ်နေတိုင်း ဆက်လက်ကျူးလွန်လျက်ရှိသည်။

ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးသည့်နောက်ပိုင်း ဆန္ဒပြပြည်သူများနှင့် စစ်တပ်ကို ဆန့်ကျင်ကြသူများအပေါ် နှိပ်စက်ညှဉ်းပန်းမှုများမှာ တိုးမြင့်လာခဲ့ပါသည်။ သို့သော် စစ်တပ်၏ နှိပ်စက်ညှဉ်းပန်းမှုသည် ယခုမှ ကျူးလွန်လာသည့် ရာဇဝတ်မှုမျိုးမဟုတ်ဘဲ လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်ကတည်းက ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း တိုင်းရင်းသား ပြည်သူတို့အပေါ် ရက်ရက်စက်စက် ကျင့်သုံးခဲ့သော ဗျူဟာတစ်ရပ်ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းမှုမျိုးစုံဖြင့် စစ်ဆေးမေးမြန်းခြင်းများ၊ သံသယဖြင့် ဖမ်းဆီးပြီး အတင်းအကြပ် ဝန်ခံစေခြင်းများ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်များကို အားပေးကူညီမှုဖြင့် စွပ်စွဲပြီး အပြစ်ပေးခြင်းများကို တိုင်းရင်းသား ပြည်သူတို့ ခံစားခဲ့ကြရသည်။

ယခုအာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင် စစ်တပ်သည် လက်နက်မဲ့ပြည်သူများအပေါ် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် အပြုအမူများကို ဆက်လက်ကျူးလွန်လာခဲ့ခြင်းဖြစ်သည်။ လူငယ်များနှင့် အမျိုးသမီးများ အပါအဝင် ပြည်သူများကို ဖမ်းဆီးသည့်အချိန်တွင် အင်အားအလွန်အကျွံသုံး၍ ရိုက်နှက်ဖမ်းဆီးခြင်းများ၊ စစ်ဆေးမေးမြန်းသည့် အချိန်တွင် နှိပ်စက်ညှဉ်းပန်းမှုများရှိကြောင်း သက်သေအထောက်အထားများအရ သိရှိရသည်။ ထိုကဲ့သို့ နှိပ်စက်ညှဉ်းပန်းခံရမှုကြောင့် သေဆုံးသွားသူများမှာ ယခုအချိန်တွင် အနည်းဆုံး (၂၂) ဦးရှိပြီးဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ယနေ့ ဇွန်လ (၂၆) ရက်နေ့တွင် ကျရောက်သည့် နှိပ်စက်ညှဥ်းပန်းမှုခံစားရသူများအား အကူအညီပေးရေး အပြည်ပြည်ဆိုင်ရာနေ့တွင် နှိပ်စက်ညှဥ်းပန်းမှုများကို ကျူးလွန်နေသော စစ်ကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်မှုများကို ပြင်းထန်စွာ ရှုတ်ချပါသည်။ ထို့အတွက် နှိပ်သက်ညှဥ်းပန်းမှုအတွက် တာဝန်ရှိသူများကို ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများဖြင့် အရေးယူနိုင်ရန် ကြိုးပမ်းနေလျက်ရှိကြောင်း ထပ်လောင်းအသိပေးလိုပါသည်။ နိုင်ငံတကာစာချုပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ နှိပ်စက်ညှဥ်းပန်းမှုတွင် တာဝန်ရှိသူများဆိုသည်မှာ နှိပ်စက်ညှဥ်းပန်းသူတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ နှိပ်စက်ညှဥ်းပန်းရန် စေခိုင်းအမိန့်ပေးသူများ၊ ကိုယ်တိုင်မကျူးလွန်သော်လည်း ကျူးလွန်မှုကို ခွင့်ပြုသူများပါ တာဝန်ရှိပါသည်။ ထို့အတွက် နှိပ်စက်ညှဥ်းပန်းမှုအတွက် တာဝန်ရှိသူများကို ဥပဒေဖြင့်အရေးယူနိုင်ရန် ကြိုးပမ်းရာတွင် အထက်မှ အမိန့်ပေးစေခိုင်းသူများနှင့် ခွင့်ပြုသူများကိုပါ ထိရောက်စွာ အရေးယူနိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

နောက်နောင်တွင် အပြစ်မဲ့ပြည်သူများအပေါ် နှိပ်စက်ညှဥ်းပန်းမှုများမကျူးလွန်အောင် ကာကွယ်တားဆီး နိုင်စေရန်အတွက် နှိပ်စက်ညှဥ်းပန်းမှုကို တားဆီးပေးရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာ နှင့် နိုင်ငံရေးအခွင့်အရေးသဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် နှိပ်စက်ညှင်းပန်းမှုဆန့်ကျင်ရေး စာချုပ် (Convention Against Torture) ကို အမြန်ဆုံး လက်မှတ်ရေးထိုးသွားနိုင်ဖို့ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ နှိပ်စက်ညှင်းပန်းခံရမှုမခံစားရအောင် အကာအကွယ်ပေးရန်နှင့် နှိပ်စက်ညှင်းပန်းသူများအား ဥပဒေဖြင့် အရေးယူနိုင်ရန်တို့အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

နေ့စွဲ။ ၂၆ ဇွန် ၂၀၂၁။